# NOTICE OF CAPITAL INCREASE IN SIGNIFICANT SUBSIDIARY

The Board of Directors of First Myanmar Investment Co., Ltd. (the "Company" and with its subsidiaries, the "Group") wishes to announce that the Company has increased its capital contribution to Yoma Bank Limited ("Yoma Bank"), the Company's 51.0% owned subsidiary, pursuant to the acceptance of a loan facility from Bangkok Bank Public Company Limited ("Bangkok Bank").

**Details of the Capital Increase**

| | |
|---|---|
| Capital increase (the Company's contribution) | Ks. 9,562.50 million |
| Effective payment date | 31 March 2016 |
| Method of capital increase | Subscription of new ordinary shares |
| Yoma Bank's shareholders' equity immediately before the increase | Ks. 48,288.98 million |
| Yoma Bank's shareholders' equity immediately after the increase | Ks. 67,038.98 million |

**Rationale**

The Company has utilized the Bangkok Bank loan facility to subscribe for new ordinary shares of Yoma Bank. This will support Yoma Bank's growth and ensure its compliance with regulatory capital requirements. Yoma Bank is a major part of the Group's 'three pillar' strategy with an emphasis on the Financial Services, Real Estate and Healthcare sectors. The Company strongly believes in Yoma Bank's growth potential and has therefore provided the capital necessary to assist Yoma Bank in its expansion plans.

The Company may carry out capital increases from time to time as necessary to reinforce the financial foundation of its subsidiaries.

By Order of the Board

Tun Tun

Executive Director

27 April 2016

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm

## အရေးပါသောလက်အောက်ခံကုမ္ပဏီခွဲတွင် မတည်ရင်းနှီးငွေ တိုးမြှင့်ခဲ့ခြင်းအား အသိပေးကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၊ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ဘန်ကောက်ဘဏ်အများပိုင်ကုမ္ပဏီလီမိတက် ("ဘန်ကောက်ဘဏ်") မှ ရရှိသော ချေးငွေအထောက်အပံ့ကို ကုမ္ပဏီမှ အစုရှယ်ယာ ထည့်ဝင်မှု ၅၁% ပိုင်ဆိုင်ထားသည့် ရိုးမဘဏ်လီမိတက် ("ရိုးမဘဏ်") တွင် ကုမ္ပဏီ၏မတည်ရင်းနှီးငွေ ထည့်ဝင်တိုးမြှင့်ခဲ့ခြင်းအား အသိပေးကြေညာလိုပါသည်။

**မတည်ရင်းနှီးငွေတိုးမြှင့်ခြင်း အသေးစိတ်ဖော်ပြချက်**

| | |
|---|---|
| မတည်ရင်းနှီးငွေတိုးမြှင့်ခြင်း (ကုမ္ပဏီမှထည့်ဝင်ငွေ) | ကျပ် ၉,၅၆၂.၅၀ သန်း |
| မတည်ရင်းနှီးငွေ တိုးမြှင့်ထည့်ဝင်သည့်ရက် | ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁)ရက် |
| မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းနည်းလမ်း | သာမန်ရှယ်ယာအသစ်များအဖြစ် ထည့်ဝင်ခြင်း |
| မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းမတိုင်မီ ရိုးမဘဏ်အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ | ကျပ် ၄၈,၂၈၈.၉၈ သန်း |
| မတည်ရင်းနှီးငွေတိုးမြှင့်ပြီးနောက် ရိုးမဘဏ်အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ | ကျပ် ၆၇,၀၃၈.၉၈ သန်း |

**မတည်ရင်းနှီးငွေတိုးမြှင့်ရခြင်း အခြေခံအကြောင်း**

ကုမ္ပဏီသည် ရိုးမဘဏ်၌ အစုရှယ်ယာအသစ်များ ထည့်ဝင်နိုင်ရန်အတွက် ဘန်ကောက်ဘဏ်မှရရှိသည့် ချေးငွေအထောက်အပံ့ကို အကျိုးရှိရှိ အသုံးချခဲ့ပါသည်။ ဤသို့မတည်ငွေရင်း ထည့်ဝင်တိုးမြှင့်ခြင်းသည် ရိုးမဘဏ်၏တိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ပြီး ၎င်း၏ ပုံမှန်မတည်ရင်းနှီးငွေ ထိန်းသိမ်းခြင်းစည်းကမ်းချက်များနှင့် ကိုက်ညီစေမည်ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုကဏ္ဍ၊ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍနှင့် ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍများအပေါ် အလေးထားသည့် ကုမ္ပဏီအုပ်စု၏ မဏ္ဍိုင်(၃)ရပ်အနက် ရိုးမဘဏ်သည် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပါသည်။ ရိုးမဘဏ်၏ တိုးတက်မှုအလားအလာကို ကုမ္ပဏီအနေဖြင့် ခိုင်မာစွာယုံကြည်ထားပါသည်။ ထို့ကြောင့် ရိုးမဘဏ်၏ တိုးချဲ့မှုအစီအစဉ်များတွင် အကူအညီပေးနိုင်ရန် လိုအပ်သည့် မတည်ရင်းနှီးငွေအား ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်ပါသည်။

ကုမ္ပဏီသည် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၏ ဘဏ္ဍာရေးအခြေခံအုတ်မြစ် တောင့်တင်းခိုင်မာစေရန် လိုအပ်သည့်အတွက်ကြောင့် မကြာမကြာ မတည်ငွေရင်းတိုးမြှင့်မှုကို ဆောင်ရွက်နိုင်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အမှုဆောင်ဒါရိုက်တာ

၂၀၁၆ ခုနှစ်၊ ဧပြီလ (၂၇)ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm